စိတ်ကူးချိုချိုအနုပညာ

mgyoe.com


# ရုပ်စုံ ကလေးဗုဒ္ဓဝင် ကဗျာများ

မောင်ယဉ်နွယ်
ပြုစုသည်။



gyoe.com

ဗုဒ္ဓဘာသာဝင်
ကလေးငယ်တိုင်းအတွက်
ငယ်စဉ်ကပင် ရွတ်ဆိုဖတ်ရှု ရင်းနှီးနေ
စေသင့်သည့် ဗုဒ္ဓဝင်ကဗျာများ



TAYA0018
2,000.00 KS

mgyoe.com

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
မျက်နှာဖုံးနှင့်အတွင်း - ကိုရွှေထူး
၂၀၁၄၊ စက်တင်ဘာလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၂၀၀၀ ကျပ်

ရုပ်စုံကလေးဗုဒ္ဓဝင်ကဗျာများ
မောင်ယဉ်နွယ် - ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ၊ ၂၀၁၄၊
စာမျက်နှာ ၉၇ မျက်နှာ၊ ၁၄ စင်တီ x ၂၁ စင်တီ
(၁) ရုပ်စုံကလေးဗုဒ္ဓဝင်ကဗျာများ

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ရုပ်စုံ
# ကလေးဗုဒ္ဓဝင်
# ကဗျာများ

မောင်ယဉ်နွယ်

ပြုစုသည်။

ပထမအကြိမ်

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# မာတိကာ


စာရေးဆရာကြီး စည်သူဦးဌေးမောင်၏ အမှတ်တရစာ ၁
ပြုစုသူ မောင်ယဉ်နွယ် ၃
ဗျာဒိတ် စကား ၅
ဘုရားအလောင်း ဖွားမြင်ခြင်း ၈
ကလေး အရွယ် ၁၂
လေးတင်ပွဲ ၁၄
နိမိတ်ကြီး လေးပါး ၁၇
သဒ္ဒတ္ထမင်း၏ ရဟန်းဘဝ ၂၁
သုဇာတာ ဃနာနို့ဆွမ်း ၂၄
မာရ်နတ်မင်း၏ တိုက်ပွဲ ၂၇
ဘုရားအဖြစ်သို့ ရောက်ရှိခြင်း ၃၀
ပူဇော်အထူးကို ခံယူခြင်း ၃၁
ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလာန် ၃၃
ဇေတဝန် ကျောင်းတော် ၃၅
ကလေးအမေ၏ ဝေဒနာ ၃၆
ဖခင်ကြီး၏ အပူမီး ၄၀
ယသော်ဓရာ၏ မျှော်တလင့်လင့် ၄၁


mgyoe.com

| | |
|---|---|
| မြတ်ဗုဒ္ဓ၏ ပြည်တော်ပြန်ခရီး | ၄၅ |
| နန္ဒမင်းသားနှင့် ဇနပဒ ကလျာဏီ | ၄၈ |
| ရာဟုလာ အမွေရလိုက်ခြင်း | ၅၂၄ |
| သကျဝင် ခြောက်ဦး | ၅၅ |
| ရောဂါရှင်နှင့် ဘုရားသခင် | ၅၇ |
| ခမည်းတော်နှင့် မယ်တော် | ၆၀ |
| ဘိက္ခုနီ သာသနာ | ၆၃ |
| လုခမော | ၆၆ |
| ဓားပြကြီး အင်္ဂုလိမာလ | ၆၈ |
| မြတ်ဗုဒ္ဓနှင့် ငြိမ်းချမ်းရေး | ၇၃ |
| ဒေဝဒတ်နှင့် အဇာတသတ် | ၇၆ |
| အမ္ဗပါလီ | ၈၀ |
| ပရိနိဗ္ဗာန်ပြုချိန် | ၈၂ |
| ပန်းထိမ်သည် စုန္ဒ | ၈၆ |
| အာနန္ဒာ၏ အပူမီး | ၈၉ |
| ဘုရားရှင် ပရိနိဗ္ဗာန် စံဝင်တော်မူခြင်း | ၉၄ |

mgyoe.com

mgyoe.com

# စာရေးဆရာကြီး စည်သူဦးငွေးမောင်၏ အမှတ်တရစာ

ဆရာမောင်ယဉ်နွယ်နှင့်ကျွန်တော် မြဝတီမဂ္ဂဇင်းမှာ အတူတကွ အလုပ်လုပ်ကိုင်ခဲ့ဖူးပါသည်။ ကျွန်တော်က ဝတ္ထုဆောင်းပါးရေးပါသည်။ သုံးလေးနှစ်မှာ တစ်ကြိမ် ကဗျာတစ်ပုဒ်လောက်ရေးပါသည်။ သူကတော့ တစ်သမတ်တည်း ကဗျာများချည်း ရေးဖွဲ့သီကုံးပါသည်။ သူက ကဗျာစျာန်ဝင်စားသူပါ။

နောက်တော့ သူပေဖူးလွှာမဂ္ဂဇင်းသို့ ပြောင်းရွှေ့လုပ်ကိုင်ပါသည်။ အလုပ်နေရာချင်းမတူ၊ နေထိုင်သည့်အိမ်လည်း သူလည်းပြောင်း ကိုယ်လည်းပြောင်းနှင့် အနေဝေးပြီး မဆုံဖြစ်ကြတော့ပါ။ ကျွန်တော် အိမ်အပြောင်းအရွှေ့ ငါးကြိမ်လောက်ပြုပြီးသည့်အခါ သူနှင့်မနီးမဝေးဆိုက်ကားဖြင့် အလွယ်တကူ သွားလာရသည့်အခြေသို့ ရောက်လာသည်။

တစ်နေ့မှာ ကျွန်တော့်ထံ သူရောက်လာသည်။ သူ၏လက်ရာ ရုပ်စုံကလေးဗုဒ္ဓဝင် (ကဗျာများ) စာမူ ပေးဖတ်ပါသည်။ ကဗျာများကို အားပါးတရ စိတ်ကြည်လင်စွာဖြင့် ဖတ်ရှုရသည်။ အကြောင်းအရာကို ပြေပြစ်ချောမွေ့သည် အဖွဲ့အနွဲ့ဖြင့် တင်ပြထားသည်။ ကျွန်တော် ဝမ်းမြောက်ပါသည်။ ယခုခေတ် ကလေးလူငယ်တွေမှာ ကြည့်စရာရှုစရာနှင့် ဂိမ်းအမျိုးမျိုး ကစားခြင်းမှာ အချိန်ပေးကြပါသည်။ သူတို့တစ်တွေ ဖတ်စရာ "ရုပ်စုံကလေး

mgyoe.com

ဗုဒ္ဓဝင်”ကဗျာများ ဖတ်ရလျှင် သူတို့လည်း အသိအမြင်တိုးတက်၍ သည်ဖက်မှာ အာရုံစိုက်မိလာဖွယ် ရှိပါသည်။ ဤသည်မှာ ကြီးမြင့်သော အမြတ်ဖြစ်ပါသည်။ ဆရာမောင်ယဉ်နွယ်၏ စေတနာနှင့် ကြိုးပမ်းအားထုတ်မှုကို ကျွန်တော် နှစ်သိမ့်စွာ သာဓုခေါ်ပါသည် ခင်ဗျား။

ဌေးမောင်
၂၀၁၄ ခု၊ ဖေဖော်ဝါရီလ၊ ၉ ရက်။

❁

mgyoe.com

mgyoe.com

# ပြုစုသူ မောင်ယဉ်နွယ်

ငယ်နာမည် မောင်သိန်းမောင်ဖြစ်သည်။ ၁၉၃၄ ခုနှစ်တွင် ညောင်တုန်းမြို့အပိုင် ချောင်းကြီးကျေးရွာ၌ အဘဦးကုလား၊ အမိဒေါ်စိန်တင်တို့မှ မွေးဖွားသော စတုတ္ထသားဖြစ်သည်။

ဒုတိယ ကမ္ဘာစစ်ပြီးနောက် ထုတ်ဝေသည့် သတင်းစာများ၌ ကဗျာများကို စတင်ရေးသားခဲ့သည်။

၁၉၅၄ ခုနှစ်၌ မြဝတီမဂ္ဂဇင်းတွင် အယ်ဒီတာအဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၅၅–၅၆ ခုနှစ်တွင် စာပေဗိမာန်မှ စတင်ဖွင့်လှစ်သော သတင်းစာပညာ အတတ်သင်ကျောင်းမှ သတင်းစာပညာဒီပလိုမာဘွဲ့ကို ရရှိခဲ့သည်။ ၁၉၆၀–၆၁ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ သတင်းစာ ဒီပလိုမာဘွဲ့ကို ထပ်မံရရှိသည်။

၁၉၅၇ ခုနှစ်တွင် ပေဖူးလွှာမဂ္ဂဇင်း၊ ၁၉၆၂ ခုနှစ်တွင် မိုးကြိုးသတင်းစာ၊ ၁၉၆၉ ခုနှစ်တွင် တောင်သူလယ်သမားဂျာနယ်တို့တွင် အယ်ဒီတာအဖြစ် လုပ်ကိုင်ခဲ့သည်။

၁၉၈၉ ခုနှစ်တွင် ''ရိုးမအလှ'' ကဗျာစာအုပ်ဖြင့် အမျိုးသားစာပေဆုကို ရရှိခဲ့ပြီး၊ တပ်မတော်နေ့ ကဗျာရှည်ပြိုင်ပွဲ၌ သုံးကြိမ်ဆုရရှိခဲ့သည်။

၁၉၉၃ခုနှစ် ပထမဦးဆုံး ပခုက္ကူဦးအုန်းဖေ၏ စာပေပြိုင်ပွဲတွင် ''လမင်းနှစ်စင်း အလင်းပြိုင်'' ကဗျာများဖြင့် ဆုရရှိခဲ့သည်။

mgyoe.com

mgyoe.com


စာနယ်ဇင်းများတွင် ကဗျာနှင့်ဆောင်းပါးများ ရေးသားလျက်ရှိပြီး ပညာပေး ကျမ်းစာအုပ်ပေါင်း (၁၇) အုပ်ကို ရေးသားပြုစုထုတ်ဝေခဲ့သည်။

ကလောင်ခွဲအမည်မှာ ''သုသုက'' ဖြစ်ပြီး စာပေရေးသားပြုစုခြင်းတစ်ခုတည်းအပေါ်၌သာ ရပ်တည်အသက်မွေးသူဖြစ်သည်။

ယခုအခါ အမှတ် ၈၉၀၊ ဗိုလ်သုံလမ်း၊ ၄၉–ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းတွင် နေထိုင်လျက်ရှိသည်။ ဆက်သွယ်ရန် ဖုန်းနံပါတ်မှာ ၀၉–၄၂၀၀၇၉၈၂၃ ဖြစ်ပါသည်။

mgyoe.com

## "ဗျာဒိတ်စကား..."



mgyoe.com

mgyoe.com

## ဖျာဒိတ် စကား

(၁) "တုသိတာခေါ်" နတ်တို့ပြည်၊
လှပ ဝေလို့စည်။
ရွှေရည် ငွေရည် ရောင်စုံလင်း။
ပြာသာဒ် တဝင်းဝင်း။

(၂) အလင်းရောင်ထွက် နတ်ကိုယ်တွင်၊
သင်းသင်း မွှေးလို့လွင်။
ကြည်ကြည်လင်လင် နတ်အားလုံး၊
လှပ အစဉ်ပြုံး။

(၃) ဒေဝါခေါ်တွင် နတ်တစ်တွေ၊
ဘုရားလောင်းကို ဝိုင်းရံနေ။
ငြိမ်သက်စွာလေ နားထောင်ခြင်း၊
ရှိသေစ, ဝပ်စင်း။

× × ×

(၄) "ဒီပင်္ကရာ" ပွင့်ချိန်ဟာ၊
ကမ္ဘာပေါင်းက များစွာကွာ။
ထိုစဉ်အခါ ရသေ့တစ်ပါး၊
"သုမေဓာ"ဟု မည်ကျော်ကား။

mgyoe.com

(၅) အခါတစ်ပါး လူများစွာ၊
ကြည်သာရွှင်ပျ လမ်းပြင်ရှာ။
ဒီပင်္ကရာ မြတ်ဘုရား၊
ကြွလာတော့မည် သတင်းကြား။

(၆) စိတ်ထားဖြူစွာ 'သုမေဓာ'၊
ပါဝင်သွက်လက် လမ်းပြင်ရှာ။
တစ်နေရာစာ ကျန်နေခြင်း၊
ဝမ်းလျားသူမှောက် တံတားခင်း။

(၇) ထိုမြင်ကွင်းကို တွေ့သောခါ၊
ဒီပင်္ကရာ မြတ်ဗုဒ္ဓါ။
နှုတ်မှာမြွက်ကြား ဗျာဒိတ်ထား
"နောင်တွင်ပွင့်မည် မြတ်ဘုရား. . ."တဲ့။

(၈) ကမ္ဘာများစွာ အချိန်ကြာ၊
သုမေဓာမြတ် ရသေ့မှာ။
ပါရမီတွေ ပြည့်စေကြောင်း၊
ဖြည့်ဆည်းခဲ့လို့ ပေါင်း။

(၉) "ဂေါတမလောင်း" နတ်သားဟာ၊
ဟို. . . ရှေးခါက သုမေဓာ။
လူ့ပြည်လူ့ရွာ ဆင်းချိန်ရောက်၊
နတ်တို့ဝိုင်းကာ လျှောက်။

(၁၀) နတ်သားတို့မှာ ရှိသေစွာ၊
လျှောက်တင်ပြီးသောခါ။
ဘုရားလောင်းလျာ လူ့ပြည်ဆင်း၊
စောင်းသံ လွင်ချိုညင်း။

mgyoe.com

“ ဘုရားအလောင်း ဖွားမြင်ခြင်း . . . ”



mgyoe.com

mgyoe.com

## ဘုရားအလောင်း ဖွားမြင်ခြင်း

(၁၁) "အိန္ဒိယပြည်" မြောက်ဘက်ဆီ၊
"ဟိမဝန္တာ" တောင် ရှိသည်။
တောင်၏ခြေရင်း သာယာလှ၊
"သကျ"နွယ်တို့ နေထိုင်ကြ။
(၁၂) သကျနွယ်များ တိုင်းပြည်ဟာ၊
"ကပိလဝတ်" အမည်သာ။
မင်းကြီးမှာ "သုဒ္ဓေါဒန"၊
ဘုန်းတန်ခိုးလည်း ကြီးမားလှ။
(၁၃) မိဖုရားက 'မာယာ'တွင်၊
အကျင့်သီလ သူဖြူစင်။
တစ်ညခါတွင် အိပ်ယာထက်၊
အိပ်မက်ဆန်းကို မက်။
(၁၄) အိပ်စက်နေသော ဒေါ်မာယာ၊
သူမ ဝမ်းဗိုက်မှာ။
"ဆင်ဖြူရတနာ" မြည်သံပေး၊
"လက်ယာဘက်မှ ဝင်တယ်လေး..."တဲ့။

mgyoe.com

mgyoe.com

(၁၅) ဆန်းကြယ်အိပ်မက် မက်ပြီးခါ၊
ကိုယ်လေးလက်ဝန် တည်ရှိလာ။
သာယာမြွေချမ်း မှန်ဆောင်နန်း၊
မိဖုရားကြီး သူစံမြန်း။
(၁၆) ဘုရားလောင်းမှန် ဖွားချိန်တန်၊
မိဖုရားကြီး စိတ်အကြံ။
မောင်းမမိဿံ ဖော်အများနဲ့၊
ဆွေမျိုးများထံ သွားမတဲ့။
(၁၇) မိဖုရားကြီး နေထိုင်ရာ၊
"ကပီလဝတ်" အမည်သာ။
နေပြည်တော် "ဒေဝဒဟ"၊
ဆွေတော်မျိုးတော် ပေါ်များလှ။
(၁၈) နှစ်ပြည်တောင်ကြား ခရီးတွင်၊
စိမ်းမြ ပန်းသစ်ပင်။
မွှေးနံ့လွင်ဖြာ "အင်ကြင်းပန်း"၊
"လုမ္ဗိနီ"ဆို ဥယျာဉ်နန်း။
(၁၉) ထူးဆန်းလှပ ဥယျာဉ်သာ၊
ကျေးငှက်စုံတို့ မြူးပျော်ရာ။
သာယာမြည်ကြွေး ငှက်သံတေး၊
ပန်းရနံ့ဖြင့် မွှေးတယ်လေး။
(၂၀) ရင်အေးဖွယ်ရာ ထိုနေရာ၊
မိဖုရားကြီး ရောက်လို့လာ။
"မဟာမာယာ" ခဏနား၊
အင်ကြင်းပန်းများ ညွတ်ခစား။

mgyoe.com

mgyoe.com

(၂၁) မိဖုရားကြီး ဒေါ်မာယာ၊
ခရီးပန်းလို့ နွမ်းရှိရှာ။
သင်းစွာ ညင်းစွာ ကိုင်းအင်ကြင်း၊
လှမ်းကိုင် လိုက်မိခြင်း။

(၂၂) နာကျင်ခြင်းများ ဝေဒနာ၊
မယ်တော်ကြီးမှာ မရှိပါ။
လွယ်ကူစွာသာ သားကိုဖွား၊
အလောင်းတော်မှာ 'ရွှေမင်းသား'။

(၂၃) ဘုရားအလောင်း ရတနာ၊
ဖွားမြင်လေကြောင်း သတင်းလွှာ။
ကြားကာခဏ ထူးကဲလှ၊
သုဒ္ဓေါဒန ဝမ်းမြောက်ရ။


(၂၄) ခဏ ချက်ချင်း မင်းကြီးမှာ၊
မင်္ဂလာပွဲ ကျင်းပရှာ။
စည်ကားလှစွာ ပျော်ရွှင်ရေး၊
ဆင်းရဲချမ်းသာ လူမရွေး။

(၂၅) တစ်နိုင်ငံလုံး ဝမ်းသာနေ၊
သားတော်လေးကို လာကြည့်ပေ။
တောနေ ရသေ့မြတ်တစ်ပါး၊
ဘုရားဖြစ်မည် သူဟောကြား။

(၂၆) သားတော်လေးတွက် နောက်တစ်ဖန်၊
အခမ်းအနား ကျင်းပပြန်။
"သိဒ္ဓတ္ထ"ခေါ် အမည်ပေး၊
မင်္ဂလာပွဲ ကျင်းပသေး။

mgyoe.com

“ကလေးအရွယ်...”



mgyoe.com

## ကလေး အရွယ်

(၂၇) သိဒ္ဓတ္ထလေး သူ့ခမျာ၊
မိတဆိုးလေး ဖြစ်ခဲ့ရှာ။
မယ်တော်မာယာ သေဆုံးသွား၊
'ဂေါတမီ'ခင် စောင့်ရှောက်ထား။

(၂၈) သားအရင်းလို ကြင်နာနေ၊
မိထွေးတော်က ထိန်းကျောင်းပေ။
အလောင်းတော်ဆွေ တစ်လသား၊
မင်္ဂလာပွဲ ခေါ်ဆောင်သွား။

(၂၉) သားတော်ကလေး ချစ်စရာ၊
မျက်နှာလေးက ကြည်သာသာ။
'လယ်ထွန်မင်္ဂလာ' တောင်သူ့ပွဲ၊
မင်းကြီး ကျင်းပနွှဲ။


(၃၀) ခင်းကာ မိုးကာ သိပ်ထားရှာ၊
"ဇမ္ဗူသပြေ" ပင်ရင်းမှာ။
ရွှေဆင်းပမာ လောင်းမင်းသား၊
သတိဝင်ကာ ထိုင်လျက်သား။

(၃၁) တရားရှုမှတ် နေချိန်တွင်၊
အထိန်းတော်များ တွေ့လို့မြင်။
ဘုရင်ကြီးမှာ လွန်အံ့ဩ၊
ပြောကြဆိုကြ တသောသော။

❁

mgyoe.com

“လေးတင်ပွဲ...”



mgyoe.com

## လေးတင်ပွဲ

(၃၂) အချိန်တွေက ကုန်သွားရှာ၊
မင်းသားလေးမှာ ကြီးထွားလာ။
ဆယ့်ခြောက်နှစ်သား အရွယ်ရောက်၊
ခမည်းတော်ကြီး စိတ်ကူးပေါက်။

(၃၃) စိတ်ကူးပေါက်၍ အကွက်ဖော်၊
သားတော်လေးတွက် ရှေ့ရေးမျှော်။
ရွှေလှော်ရုပ်ဆင်း လှယဉ်ကျေး၊
လက်ထပ်ပေးဖို့ မြန်မနှေး။

(၃၄) "ပညာမသင် မကြိုးစား၊
သိဒ္ဓတ္ထဟာ အလကား..."တဲ့။
ထိုစကားကို ကြားရပြန်၊
သိဒ္ဓတ္ထလေး သည်းမခံ။

(၃၅) အားနှင့်မာန်နှင့် ပညာစွမ်း၊
လေးတော်တင်ကာ ပြတဲ့ခန်း။
ထူးဆန်းလှပ လေးစကြာ၊
ပစ်ခတ်ဖျတ်လတ် ပြလိုက်ရာ။

mgyoe.com

(၃၆) သမီးကညာ လှပဂေး၊
ဆက်သ မြန်မနေး။
ရွှေသွေးတမျှ လှကလျာ၊
"သုပ္ပဗုဒ္ဓ" သမီးပါ။


(၃၇) "ယသော်ဓရာ" သူ့နာမ၊
ယဉ်ကျေးသိမ်မွေ့ တည်ငြိမ်စွ။
သိဒ္ဓတ္ထမင်း စံပျော်ရန်၊
နန်းဆောင်သစ်များ ဆောက်လုပ်ပြန်။

(၃၈) မှန်နန်းဆောင်နှင့် ဥယျာဉ်တွင်း၊
မပြတ်စောင်းသံ လွင်ချိုညင်း။
စောင်းညင်းပတ်သံ တူရိယာ၊
မပြတ်တီးမှုတ် လွန်သာယာ။
ဝိုင်းကာ, ကကာ ပျော်ရွှန်မြူး၊
ကချေသည်များ တေးရင့်ကျူး။

❁

mgyoe.com

“ နိမိတ်ကြီးလေးပါး . . .”



mgyoe.com

## နိမိတ်ကြီး လေးပါး

(၃၉) ပျော်မြူးကြည်လင် တစ်နေ့တွင်၊
ဥယျာဉ်တွင်းသို့ ထွက်လာစဉ်။
အမှတ်မထင် တွေ့မြင်သွား၊
'သူအို' 'သူနာ' 'သူသေ'များ။
(၄၀) ဘုရားအလောင်း စိတ်အကြံ၊
ဒုက္ခပေါင်းမှ လွတ်မြောက်ရန်။
"ရဟန်း" မြင်ပြန် အကြံရ၊
အေးငြိမ်း ချမ်းသာစွ။
(၄၁) ယသော်ဓရာ လှကလျာ၊
ထိုစဉ်အခိုက် သားဖွားရာ။
ကြင်နာယုယ အမည်ပေး၊
'ရာဟုလာ' တဲ့လေး။
(၄၂) မွေးဖွားလာသော သားမျက်နှာ၊
ကြည့်ချင်မြင်ချင် စိတ်တွင်းမှာ။
သားလေးရှိရာ ခန်းဆောင်တွင်း၊
သန်းခေါင်ယံချိန် ဝင်လာခြင်း။

mgyoe.com

(၄၃) ယသော်ဓရာ လှကလျာ၊
မျက်နှာလေးက ချစ်စရာ။
နိုးလာပြန်လျှင် ခက်ချေရဲ့၊
နန်းဆောင်တွင်းမှ နောက်သို့လှည့်။

(၄၄) လေရဲ့အသွင် ပြေးလွှားနိုင်၊
မြင်းဖြူပေါ်တွင်ထိုင်။
ကြိုးကိုင် 'ဆန္န' တူတကွ၊
နန်းတော်တွင်းမှ ထွက်ခဲ့ကြ။

(၄၅) ပြိုးပြက်မြို့ရိုး အထက်မှာ၊
ငွေလစန္ဒာ ဖွေးဖွေးသာ။
မြင်းခွာသံများ ဘယ်မကြား၊
နတ်အများက ပင့်မြှောက်ထား။

(၄၆) ကြီးမား မာရ်နတ် ပေါ်လာပြန်၊
အတွင်းစိတ်က မကောင်းကြံ။
တောမထွက်ရန် သူကတား၊
သို့ပေမဲ့လည်း အလကား။

(၄၇) သိဒ္ဓတ္ထမင်း တောထွက်လာ၊
'မောင်ဆန်' မြင်းမြီးမှာ။
'ခဏ္ဍကမြင်း' မြစ်ခုန်ကူး၊
မြင်းခွာ ရေမလူး။

(၄၈) ငွေသောင်ဦးမှာ ခဏတာ၊
သိဒ္ဓတ္ထမင်း နားပြန်ရှာ။
အဝတ်တန်ဆာ ချွတ်ကာပေး၊
'မောင်ဆန် ပြန်တော့လေး...'တဲ့။


mgyoe.com

mgyoe.com

(၄၉) ဝေး၍. . . ဝေး၍ ကျန်ခဲ့ရှာ၊
သခင့်ထားပြီး ထွက်လို့ခွာ။
ခဏ္ဍကမှာ ငိုရလွန်း၊
လမ်းမှာဟီလို့ အသည်းကျွမ်း။
(၅၀) အနော်မာကမ်း သောင်ထက်တွင်၊
သိဒ္ဓတ္ထမင်း ခိဋ္ဌာန်တင်။
ဆံတော်မျှင်ကို ဖြတ်လို့ကွယ့်၊
ကောင်းကင်ယံသို့ ပစ်တင်ခဲ့။
(၅၁) "ဘုရားဖြစ်မည် မှန်ပါလျှင်၊
တည်ပါစေသား ထက်ကောင်းကင်"။
ဆံတော်မျှင်များ မြင့်တက်သွား
ထက်ကောင်းကင်မှာ တည်တကား။

mgyoe.com

“ သိဒ္ဓတ္ထမင်း၏ ရဟန်းဘဝ ...”



mgyoe.com

mgyoe.com

## သဒ္ဓတ္ထမင်း၏ ရဟန်းဘဝ

(၅၂) ဘုရားအလောင်း ရဟန်းမှာ၊
“ရာဇဂြိုဟ်”သို့ ရောက်၍လာ။
ရာဇဂြိုဟ်မှ ခရီးဆက်၊
‘ဥရုဝေဠ’ ဘက်။

(၅၃) ဥရုဝေဠ တောမဟာ၊
အေးမြကြည်လင် ချမ်းမြေ့စွာ။
‘ဒုက္ကစရိယာ’ အကျင့်များ၊
နေ့ညမပြတ်ပွား။

(၅၄) ဆွမ်းမစားဘဲ ကျင့်ခဲ့ပြန်၊
တရားထူးကို ရရှိရန်။
“ဗောဓိဉာဏ်မြတ်” ရည်မျှော်ဆဲ၊
ဘုရားဖြစ်ရန် ဖွဲ့။

(၅၅) ပြင်မထိုင်ဘဲ ကျင့်လေရာ၊
ရသေ့ငါးဦး ဝပ်ဖြည့်ရှာ။
ဘုရားဖြစ်လာ တရားထူး၊
ကြားနာကြရန် ရည်ရွယ်စူး၊

mgyoe.com

(၅၆) ရွှေရည်လူးသော ရုပ်အသွင်၊
ဆွမ်းမစား၍ ခြောက်သွေ့ကျင်။
အကြောအမျှင် အရိုးများ၊
ကြွင်းကျန်ရစ်ခဲ့ လေတကား။

(၅၇) ထူးခြားလှသော ဖွဲ့နှင့်မာန်၊
တရားကျင့်ကြံ အားထုတ်ပြန်။
အားနည်းလှပြန် လောင်းဗုဒ္ဓ၊
သတိမေ့ကာ လဲကာကျ။

(၅၈) သတိပြန်ရ အချိန်တွင်၊
ပြန်လည်သုံးသပ် သူဆင်ခြင်။
ခက်ခဲလှအင် ထိုတရား၊
ဘုရားဖြစ်ရန် ဝေးတကား။


(၅၉) ဘုရားအလောင်း သတိယှဉ်၊
တရားမြတ်ကို ပြန်ဆင်ခြင်။
တစ်ဖန်ပြင်ကာ ရွာစဉ်ထွက်၊
ဆွမ်းခံ နေ့စဉ်ဆက်။

(၆၀) ထိုမြင်ကွင်းကို တွေ့ကြလျှင်၊
ရသေ့ငါးဦး ရှောင်ဖယ်ကျဉ်။
ဘောဇဉ်ဆွမ်းစား ဘုရားလောင်း၊
"ဘုရားဖြစ်ဖို့. . . ဝေးစေကြောင်း. . ." တဲ့။

❁

mgyoe.com

"သုဇာတာ ဃနာနို့ဆွမ်း..."





mgyoe.com

mgyoe.com

## သုဇာတာ ယနာနို့ဆွမ်း

(၆၁) 'ဥရုဝေဠ' တောနီးမှာ၊
'သေနာ'မည်သော ရွာရှိတာ။
'သုဇာတာ' သူဌေးသမီး၊
ထိုရွာကြီးမှ ရှုမငြီး။

(၆၂) သုဇာတာက သားလိုချင်၊
ညောင်ပင်သွားလို့ ဆုပန်ဆင်။
"ညောင်ပင်စောင့်နတ် တန်ခိုးနှင့်၊
သားဆု ပေးပါရှင့်" တဲ့။

(၆၃) ယဉ်ကျေးကြော့လှ သုဇာတာ၊
သားသားမွေးလို့ လွန်ဝမ်းသာ။
ပူဇော်ရန်သာ နို့ဆွမ်းချက်၊
ဩဇာလွန် လေးနက်။

(၆၄) ရွှေခွက်အပြည့် နို့ဆွမ်းလှူ၊
ဘုရားအလောင်း စိတ်ကဖြူ။
အလှူခံပြီး ရေချိုးဆင်း၊
"နေရဉ္ဇရာ" မြစ်အတွင်း။


mgyoe.com

mgyoe.com
(၆၅) 'ဗောဓိပင်မင်း' ရှိလေရာ၊
ဘုရားအလောင်း ပြန်ကြွလာ။
လမ်းမှာပန်းများ ပွင့်လို့သင်း၊
တစ်တောလုံးမှာ မွှေးနံ့ညင်း။
(၆၆) ဗောဓိပင်မင်း မရောက်မီ၊
မြက်ရိတ်သူနှင့် တွေ့ဆုံသည်။
ကြည်လင်သဒ္ဓါ ပြည့်ဖြိုးထွား၊
'မြက်ရှစ်ဆုပ်'ကို လှူဒါန်းသွား။
(၆၇) မြက်များရှစ်ဆုတ် ဖြန့်ခင်းကာ၊
ဘုရားဖြစ်မှ ထတော့မှာ။
ဆုံးဖြတ်ပြီးကာ တရားသွင်း၊
'ဗောဓိဉာဏ်' ရောင်လင်း။

❁

mgyoe.com

“ မာရ်နတ်မင်း၏ တိုက်ပွဲ . . .”



mgyoe.com